
ကိန္နရီလစဉ်

# မင်းမြတ်သူရ

အောင်ပင်လယ်ရှာစား

ပန်းချီ
ဇမ္ဗူမင်း




မြစ်ဝကျွန်းပေါ်မြို့လေးတစ်မြို့ရှိ နယ်ပိုင်
မင်းရုံး၌ အင်းလေလံပွဲကြီး ရှိနေသဖြင့်
ထိုမြို့တစ်မြို့လုံး လူအများနှင့် စည်စည်
ကားကား ရှိနေလေ၏။


အင်းလေလံပွဲဆိုသည်မှာ... အစိုးရပိုင်
အင်းများကို တစ်နှစ်တာ ငါးဖမ်းခွင့်ရရန်
အင်းသားများက ငွေကြေးအပြိုင်အဆိုင်
ပေး၍ ငှားရမ်းခြင်းဖြစ်၏။



အင်းသားများသည် လေလံဆွဲခွင့်ရရှိရန် အတွက်...၎င်းတို့၏အပိုင်သူကြီးထံတွင် ပစ္စည်းရှိကြောင်းလက်မှတ်ကိုတောင်းယူရ၏။ သူကြီးလက်မှတ်ရရုံနှင့်မပြီးသေး
အင်းဆွဲခွင့်လက်မှတ်ရရန်လိုသေး၏။ အင်းဆွဲခွင့်လက်မှတ်ကို မြို့ပိုင်မင်း အင်းခွန်မင်းတို့ထံတွင် ပစ္စည်းရှိကြောင်း အစစ်ဆေးခံ၍ အင်းဆွဲခွင့်လက်မှတ်ကို တောင်းယူနိုင်၏။




အင်းဆွဲခွင့်လက်မှတ်ရှိသူများသာ အင်းလေလံပွဲ၌ ဝင်ရောက်လေလံဆွဲခွင့်ရှိ၏။ အလွန်ကျယ်သော အင်းကြီးများကို အပြိုင်အဆိုင်ငွေပေး၍ ဆွဲနိုင်သူများကိုသာ အင်းသားကြီးများဟုခေါ်၏။ သေးငယ်သော အင်းသိမ်၊အင်းမွှားများကို ဆွဲယူသူများမှာ ငွေကြေးအင်အားမရှိသော အင်းသားလေး၊ အင်းသားထွေးများသာ ဖြစ်၏။


လေလံပွဲ စတင်နေပြီဖြစ်၍ အင်းခွန်တော်မင်းကြီးသည် အင်းငယ်များကို စတင်လေလံပစ်၏။ အင်းငယ်လေးများ ကုန်သောအခါ အင်းလတ်များကို လေလံပစ်၏။ နောက်ဆုံးတွင် အင်းတကာအင်းတွင် အကြီးဆုံးထိန်ပင်အင်းကြီးအလှည့်သို့ ရောက်လေပြီ။
ထိန်ပင်အင်းကြီးကို လေလံဆွဲတော့မည်ဆိုသဖြင့် အင်းသားများအားလုံး စိတ်ဝင်စားစွာ စောင့်ကြည့်နေကြ၏။


ထိုအင်းကြီး၌ ငါးများအလျှံပယ်ပေါများသဖြင့် အင်းသားများအားလုံးစိတ်ကူးယဉ်ရသောအင်းကြီးပင်ဖြစ်သည်။ ထိုအင်းကြီးသည်လက်ဝယ်ပိုင်ဆိုင်ထားသူမှာ လူထူးလူဆန်းကိုရွှေဝန် ဖြစ်၏။ ကိုရွှေဝန်သည် ထိုအရပ်တွင် ကြီးပြင်းပြီး အင်းသားဖြစ်လာသူ မဟုတ်။
မည်သည့်အရပ်မှလာသည်ည မသိသော်လည်း ငွေကြေးအင်အားတောင့်တင်း၏။ အင်းအင်စပတ်တော်၊ နယ်ပိုင်၊ မြို့ပိုင်များ၊ ကိုလိုနီအရာရှိကြီးများအားလုံးနှင့် ခင်မင်ရင်းနှီးပြီး လိုအပ်လျှင် ငွေကို ရေလိုသုံးစွဲနိုင်သော သူဖြစ်၏။


ဤမျှမနအင်အားတောင့်
တင်းသဖြင့် သူတို့အရပ်၌
နှစ်အနည်းငယ်အတွင်း
ကိုရွှေဝန်သည် ထိပ်တန်း
အင်းသားကြီး ဖြစ်လာခြင်း
ဖြစ်၏။
အင်းသားလောကတွင်
အင်းအားကြီးများက
အင်းသားငယ်များပိုင်သော
အင်းငယ်လေးများကို
မနအားကိုးဖြင့် အတင်း
အဓမ္မလေလံဆွဲယူသော
ကြောင့် အင်းသားငယ်
များသည် အင်းသားကြီး
များကို နာကြည်းမုန်းတီး
လေ့ရှိတတ်ကြ၏။


သို့သော အင်းသားငယ်များ မှန်းတီးနာကြည်းသော အင်းသားကြီးများတွင် ကိုရွှေဝန် မပါဝင်ခဲ့ချေ။ ကိုရွှေဝန်သည် အင်းသားကြီးများကိုသာ လုယက်တတ်ပြီး အင်းသားငယ်များကို လက်ရောင်လေ့ ရှိသောကြောင့်ဖြစ်သည်။ ကိုရွှေဝန်ကို နှစ်စဉ် မခံချင်စိတ်နှင့်ယှဉ်ပြိုင်သူမှာ အင်းသားကြီး ဦးဖိုးလှိုင်သာရှိ၏။
သို့သော်လည်း ကိုရွှေဝန်၏ဈေးကို မယှဉ်နိုင်သဖြင့် ဦးဖိုးလှိုင်ဘက်မှ နှစ်စဉ်နောက်ဆုတ်ပေးရစမြဲပင်ဖြစ်၏။ ယနေ့ လေလံပွဲတွင်လည်း သူတို့နှစ်ဦး ထိပ်တိုက်ဆုံတွေ့ရမည့်ပွဲပင်ဖြစ်သည်။


ဦးဖိုးလှိုင်သည် နောက်လိုက်နောက်ပါ တပည့်တပန်း အပြည့်အစုံဖြင့် လေလံပွဲကျင်းပရာ အခန်းထဲသို့ ရောက်ရှိနေလေပြီ။ အင်းသားကြီးကိုရွှေဝန်ကမူ လေလံပစ်ရာ ရုံးခန်းအတွင်းသို့ ယခုထက်တိုင် ရောက်ရှိမလာသေးပေ။



ထိန်ပင်အင်းလေလံပစ်မည်ဟု ကြေညာသောအခါမှပင် ကိုရွှေဝန်သည် သူ၏နောက်လိုက်တပည့်များ ခြံရံလျက် လေလံရုံးခန်းအတွင်းသို့ ဝင်ရောက်လာ၏။



လေလံပွဲအတွင်းရှိ မျက်လုံးအစုံတို့သည် ကိုရွှေဝန်ထံသို့ စုပြုံကျရောက်လာကြ၏။





ချစ်ခင်သူပေါများလှသော ကိုရွှေဝန်သည် သူ၏ထုံးစံအတိုင်း အင်းသားများအားလုံးကို လက်ဝှေ့ယမ်းနှုတ်ဆက်လိုက်ပြီးမှ ၎င်း၏နေရာတွင် ကျနကျနရ ဝင်ထိုင်လိုက်၏။ ထို့နောက် လူအုပ်များဘက်ဆီသို့ ဝေ့ကြည့်လိုက်ရာ...





သူ၏ပြိုင်ဖက်ကြီး ဦးဖိုးလှိုင်သည် တပည့်တပန်းများ အကြား၌ ယနေ့ လေလံပွဲတွင် ကြိမ်းသေနိုင်မည့် အင်းသားကြီး အမှုအယာမျိုးကို တွေ့ရ၏။




ထိုစဉ် ကိုရွှေဝန်၏တပည့်တစ်ဦးအနီးသို့ တိုးကပ်၍...
ဆရာ ဒီနေ့ ဦးဖိုးလှိုင်ရဲ့ ပုံစံကသိပ်ပြီး ပိုင်နိုင်နေပုံပဲ...
ဒီတစ်ခါ ထိန်ပင်အင်းကို မရမကလိုက်ဆွဲ တော့မယ်နဲ့ တူတယ်...
ကိုရွှေဝန်သည် သူ၏တပည့်စကားကို မည်သို့မျှခွန်းတုံ့မပြန်ဘဲ လေလံပွဲကိုကြေညာမည့် အင်းခွန်မင်းကြီးဆီသို့သာ အာရုံစူးနစ်လျက်ရှိ၏။




အင်းသားများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ထိန်ပင်အင်းကြီးကို မနှစ်က ကိုရွှေဝန်ရရှိသွားသော ဈေးနှင့် စတင်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။




အင်းသားများ အံ့သြမဆုံးခင်မှာပင် ကိုရွှေဝန်မှ ငါးရာအထိ ဈေးတက်ပေးလိုက်ပြီး ဦးဖိုးလှိုင်ဘက်သို့ ထီမထင်အမူအရာဖြင့် ကြည့်လိုက်၏။ သို့သော် သူထင်သလို ဦးဖိုးလှိုင် ထိတ်လန့်မသွားခဲ့ပါ။




ဒီတစ်ကြိမ်မှာ မျက်လုံးပြူးရသူက ကိုရွှေဝန်ကိုယ်တိုင်ပင်ဖြစ်၏။
ဒီနှစ် ဒီလူကြီး ငါ့ကို အနှောင့်အယှက်ပေးတာ ရဲ့ံလှချည်လား....
အမှန်စင်စစ် ဒီအင်းကြီးသည် မည်မျှပင်ငါးပေါစေကာမူ သုံးထောင်မျှပင် ရရန်မလွယ်ကူလှချေ။ သို့သော် နှစ်စဉ်မိမိကို ရှုံးနိမ့်ခဲ့သော ဦးဖိုးလှိုင်ကို အရှုံးမပေးချင်ပါ။


လေလံပွဲကို ဦးစီးကျင်းပသူ အရေးပိုင်မင်းနှင့်နယ်ပိုင်မင်းတို့ပင်လျှင် များပြားလှသောဈေးကို မျက်လုံးပြူးသွားလေ၏။ ကိုရွှေဝန်တို့ကိုကြည့်ပြီး စီးပွားရေးမဆန်တော့သော အနေအထားကို ရောက်ရှိလာသဖြင့်...



အင်းသားများဘက်မှကြည့်ပြီးအရေးပိုင်မင်း သတိပေးနေသည့်ကြားမှဦးဖိုးလှိုင်တစ်ယောက် ရင်ကိုကော့ရင်း တအော်လိုက်ပြန်သည်။






အင်းခွန်ဝန်မင်းကြီးပင်လျှင် ဤမျှစိတ်လှုပ်ရှားဖွယ်ကောင်းသော လေလံပွဲမျိုးမကြုံဖူးသဖြင့် အင်းလေလံကြေညာရန် မေ့နေလေ၏။ နောက်မှ တာဝန်နှင့်ဝတ္တရားကို သတိဝင်လာပြီး




ထိန်ပင်အင်း လေးထောင့်ငါး ငါး...
တိကျပြတ်သားသော ကိုရွှေဝန်၏ အသံသည် ခါတိုင်းထက်ပင် ပို၍ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ အင်းသားနှစ်ဦး၏ဂုဏ်သိက္ခာပြိုင်ပွဲကြောင့် မနှစ်က နှစ်ထောင့်ငါးရာ မျှပင်တန်သော ထိန်ပင်အင်းကြီး ယခုနှစ်တွင်ငါးထောင်သို့ပင်တန်ဖိုး နှစ်ဆ ခုန်တက်သွားလေပြီ...
ငါးထောင်
ခင်ဗျားကြီး စည်းစိမ်အကုန် ပေးတောင် ထိန်ပင်အင်း ပိုင်ရှင်ဟာ ကျုပ်ပဲ ဖြစ်စေရမယ်...
ကိုရွှေဝန် စိတ်ထဲမှ ကြိမ်းဝါး လိုက်၏။


ဦးဖိုးလှိုင်သည် မိမိစီးပွားပျက်အောင် အင်းကို ဈေးကြီးသည်ထက် ပိုကြီးအောင် ဤသို့ လိုက်လံယှဉ်ပြိုင်ပြီး လေလံပွဲမှ နောက်ဆုတ် ထွက်ခွာသွားတိုင်း မိမိမှာ အင်းများကို အဆမတန်သောဈေးများဖြင့် ဆွဲယူနေရ၏။ ထို့ကြောင့် ဦးဖိုးလှိုင်သည် မိမိ၏အဓိက ရန်သူကြီးပင် ဖြစ်သည်။ ၎င်း၏ထိုးနက်ချက်သည် ယခုနှစ်တွင် အပြင်းထန်ဆုံးပင် ဖြစ်၏။
ကိုရွှေဝန်သည် သို့တွေးတောရင်း ဦးဖိုးလှိုင်ကို ဒုက္ခပေးနိုင်မည့်နည်းလမ်းကို မမျှော်လင့်ပဲ စဉ်းစားမိ၏။ ထို့ကြောင့် ကိုရွှေဝန်သည် ဦးဖိုးလှိုင် ချေပမအော်နိုင်ခင်မှာပင်...
ငါးတောင့် ငါးရာ


လေလံပွဲပရိသတ်များအားလုံး ဝေဖန်အံ့သြ
သံများ ဆူပွက်သွား၏။
ဦးဖိုးလှိုင်၏တပည့်များပင် ၎င်းတို့၏ဆရာကို
ဆက်လက်ပြိုင်ဈေးမပေးရန် တောင်းပန်ကြ
၏။ သို့သော် ဦးဖိုးလှိုင်သည် ခေါင်းမာသူ
ဖြစ်၏။
ခြောက်တောင့်




ဦးဖိုးလှိုင် လက်ကိုနောက်ပစ်၍ မထီလေးစားဟန်ဖြင့် ကိုရွှေဝန်ကိုကြည့်ရှုနေလေ၏။ ကိုရွှေဝန်ကမူ သက်တောင့်သက်သာ အမူအရာဟန်ဖြင့်ပင် ရှိနေသဖြင့် ပွဲမည်သို့ ပြီးပြတ်လေမလဲဟု ပရိသတ်များက စိတ်ဝင်စားနေကြ၏။






ကိုရွှေဝန်ကိုကြည့်ပြီး ပရိသတ်များအသက်ပင် ရဲရဲမရှူဝံ့ကြချေ။ သို့သော် ကိုရွှေဝန်၏ နှုတ်ဖျားမှ မည်သည့်စကားတစ်လုံးမျှ ပေါ်ထွက်မလာတော့ချေ။




ထိန်ပင်အင်း ခြောက်ထောင် သုံးခါ
အင်းသားကြီး ဦးဖိုးလှိုင်က ထိန်ပင်အင်းကြီးကို ရသွားပြီဟေ့...





လေလံဆွဲပြီးသော်လည်း ပရိသတ်များအားလုံး လေလံပွဲမှ မပြန်နိုင်သေးဘဲ ကိုရွှေဝန် နှင့် ဦးဖိုးလှိုင်၏ပြိုင်ဆိုင်မှုအကြောင်းကိုတစ်ယောက် တစ်ပေါက် ပြောဆိုနေကြလေ၏။
ကိုရွှေဝန်ကတော့ ဘာမှမဖြစ်ခဲ့သလို ပရိသတ် အလယ်မှ ဣန္ဒြေကြီးစွာဖြင့် ထွက်ခွာသွားလေ၏။
ဆရာရဲ့ အကြံအင်မတန် ကောင်းတယ်၊ ခုဆိုရင် ဦးဖိုးလှိုင် ထိန်ပင်အင်း ကိုရတာ မွဲဆေးဖော် သလိုဖြစ်သွားပြီ


လေလံပွဲမှာ ထိန်ပင်အင်းဟာ ငွေငါးထောင်ဖြစ်သွားကတည်းက ဆရာအနိုင်ရမှာ စိုးရိမ်နေတာ အခုတော့ ဦးဖိုးလှိုင်ကြီး ခြောက်ထောင်နဲ့ မဆန့်မပြဲဖြစ်နေပြီ...
ငါလည်း ဒီကိစ္စကို သိပ်သိချင်နေတယ်... ဦးဖိုးလှိုင်ကြီး ဘာကြောင့်ဒီလောက်သတ္တိကောင်းကောင်းနဲ့ မိုက်တွင်းနက်ရသလဲ ဆိုတာ... အေးကွာ... မင်းတို့ပြန်နှင့်ကြငါအရေးပိုင်မင်းနဲ့တွေ့ကြည့်ချင်သေးတယ်...



မြေပေါ်မှာ ကြွေကျနေသော စိန်ပန်းပွင့်လေးကို နမ်းရှိုက်မိလိုက်စဉ် နယ်ပိုင်မင်း ရုံးဝင်းအတွင်းသို့ နယ်တစ်ဝိုက်တွင် မြင်ရခဲလှသော အဖိုးတန်ကားတစ်စီး မောင်းဝင်လာ၏။




ဒီနေ့ လေလံပွဲမှာ ရှင် အရှုံးပေးလိုက်ရပြီ မဟုတ်လား...
ခင်ဗျား ဘယ်သူလဲ... ဘာကြောင့် ဒီလေလံပွဲမှာ ကျုပ်ကို ရှုံးနိမ့်စေရတာလဲ


ကိုရွှေဝန်၏စကားကြောင့် သူမ ကျေနပ်အားရဟန်ဖြင့် ပြုံးလိုက်ပြီး...
ဒါကြောင့်လည်း ရှင်ကနာမည်ကျော် နေတာကိုး... ရှင့်ကို ရှုံးနိမ့်စေတာ...ကျွန်မလို့ ရှင်သိနေတယ်... ဟုတ်လား
ဦးဖိုးလှိုင် ဒီလောက် မိုက်ရူးရဲ လုပ်နေကတည်းက ကျော ထောက်နောက်ခံ ကောင်း ကောင်းရှိမယ်လို့... ကျုပ်ထင် ထားတာမမှားပါဘူး...
သိမ်မွေ့လှသော သူမမျက်နှာသည် ရုတ်ချည်းတည်ငြိမ် လေးနက်သွားပြီး ကိုရွှေဝန်၏မျက်လုံးကို စူးနစ်အေးစက်စွာကြည့်ရင်း...
ကျွန်မ ရှင်နဲ့အေးအေး ဆေးဆေးဆွေးနွေး ချင်တယ်...


ကျုပ်
တံငါသည်တစ်
ယောက်ပါ...ခင်ဗျားနဲ့
ကျုပ်ကြားမှာ...ဘာ
ဆွေးနွေးစရာရှိ
လို့လဲ...
ကျွန်မဟာ
ရှင်ဘယ်သူလဲ...
အတိတ်ကရှင်ဘာတွေ
လုပ်ခဲ့သလဲဆိုတာ...
အစအဆုံးပြောပြနိုင်
တယ်...
ခင်ဗျား
ကျုပ်ဆီက
ဘာလိုချင်
လို့လဲ...


ကျွန်မ ရှင့်ဆီက အကူ အညီတောင်း ချင်တယ်..
ကျုပ် အေးအေး ချမ်းချမ်း နေချင်တယ်...
ရှင့်ကို ကျွန်မ အကူအညီ တောင်းနေတာ ပါ...
ကျုပ်အရင်လို မဟုတ်တော့ဘူး...လူ တစ်ကာလာတောင်းတဲ့ အကူအညီကိုလည်း မပေးချင်တော့ ဘူး...